

အမှန်တော့
လူတွေအမြင်မှားနေကြတာပါ။
ဘာလို့ ဒီလိုပြောနိုင်သလဲဆိုရင်
ကျွန်တော်ကိုယ်တိုင်က
ဇော်ဂျီမို့ပါပဲ....

ကျွန်တော်သည် လူလည်း မက
နတ်လည်း မကျသော 'စက'
ဆေးဆရာဇော်ဂျီဖြစ်သည် ။

လူတွေငယ်စဉ်က ဖတ်ခဲ့ရတဲ့ စာတွေ၊ အိပ်ရာဝင်ပုံပြင်တွေထဲမှာတော့ ဇော်ဂျီဆိုတာ အလုပ်မ ရှိအလုပ်ရှာ တောထဲတောင်ထဲ သွား၊ သူများ မယားကြောခို၊ သားပျိုသမီးပျိုတွေကို လှည့်ဖျား၊ အမြဲ တမ်း ညာစားနေတယ်လို့ ထင်ကြတယ်။

ဘယ်လောက်ထိလဲဆို ဇော်ဂျီမှာ ဘာမှ လုပ်စရာ မရှိရင် တောင်ထဲတောထဲက သူယောင်ပင်ကို လိုက်ရှာ။ တွေ့ပလားဟော့ဆို အဖွံ့ဆုံး၊ အတုတ်ဆုံး ရှိုက်ကြီးဖိုငယ် အသွယ်သွယ်ဆုံး သူယောင်သီး တစ်လုံးကို လက်ထဲက တုတ်ကောက် တောင်ဝှေးနဲ့ ပတတ်ဆိုထောက်၊ ဟတ်ချလော

င်းပဲ သူယောင် သီးက အသက်ဝင်ပြီး သူယောင်မယ် ဖြစ်လာရင်....

"ဇော်ဂျီ သိပ်ကဲတာပဲ.... မတော်တာ သူထိုးတယ် အမြဲ.. ဇော်ဂျီ လူဆိုး လူဆိုး လူဆိုး...လူ ဆိုး လူဆိုး တောင်ပွေး သရမ်းသူရယ်..."

စသည် ဖြင့် ထိကပါး ရိကပါး သီချင်းတွေဆို၊ ကခုန်၊ ပျော်ပါး။ ဒီလောက်ပဲ ထင်နေကြတာ။

အမှန်တော့ လူတွေအမြင်မှားနေကြတာပါ။

ဘာလို့ ဒီလိုပြောနိုင်သလဲ ဆိုရင် ...

ကျွန်တော်ကိုယ်တိုင်က ဇော်ဂျီမို့ပါ။

ဇော်ဂျီဆိုတာ ဆေးဆရာပါပဲ။

တောထဲက သစ်ဥ သစ်ဖုများကို ကြိတ်သွေးပြီး၊ အစွမ်းထက်ဆေးများ ဖော်စပ်နေသော ဆေး ဆရာပါ။

ကောင်းပြီ။ ဇော်ဂျီဆေးက တကယ်စွမ်းလို့ လား။ မေးစရာရှိပါလိမ့်မယ်။

ဆေးစွမ်း မစွမ်းကတော့ ဇော်ဂျီဖော်တဲ့ ဆေးကို မစားနဲ့ ဦး။ ဇော်ဂျီ ဖိုဝင် (ဖိုကင်) သားစားမိ ရင် ကိုယ်ကာယ သိဒ္ဓိပြီးပါတယ်။ခွန်အား တိုးပွားစေပါတယ်။ ဘာလို့ လဲဆိုတော့ ဇော်ဂျီက သူကိုယ် တိုင်ဖော်တဲ့ ဆေးကို သူကိုယ်တိုင် အများ အပြားမြည်းထားလို့ ပါပဲ။ဇော်ဂျီဖော်စပ်တဲ့ ဆေးကတော့ စဉ်းစားသာ ကြည့်ပါ။

ထို့ကြောင့် ....

ဇော်ဂျီသည် ဆေးဆရာဖြစ်ပါသည် ။

ကျွန်တော်သည် ဇော်ဂျီဖြစ်သည် ။

ကျွန်တော်သည် ဆေးဆရာဖြစ်သည် ။

ထို့ကြောင့် ....

ကျွန်တော်သည် လူလည်း မက နတ်လည်း မကျသော စက ဆေးဆရာဇော်ဂျီဖြစ်သည် ။

ထို့ကြောင့်....

ကျွန်တော် ဇော်ဂျီဆေးရောင်းပါသည် ။

"ဇော်က ကနေသည်၊ ခါးကော့ထားပါ"

ဒါဟာ ဇော်ဂျီအတွက်စပ်ထားတဲ့ ကလေးစာသားလေးပါ။ ထိုအတိုင်းပါပဲ ဆေးရောင်းစား သော ကျွန်တော် ဇော်ဂျီကလည်း လောကခံတရားကို ခါးကော့အောင် ခံစားပြီး ဆေးရောင်းစားနေသူ ပါ။

***

**ဈေးရှေ့တည့်တည့်တွင်**

**နီရဲနေသော ဇော်ဂျီဝတ်စုံအပြည့်နှင့်**

**လူတစ်ယောက်**

**ဇော်ဂျီဟု ရေးထားသော**

**သံပုံးအနီကြီးကိုလွယ်ပြီး...**

ဇော်ယောင် ဂျီယောင် ဆေးကြိတ်တဲ့ မောင်၊ ဇော်ဂျီ လာပြီ။ ဇော်ဂျီ လာပြီ...လူတွေရဲ့ ရောဂါကို ပျောက်ကင်း စေဖို့ ဇော်ဂျီတောထဲကနေ မြို့တက်လာပါပြီ..."

လူစည်ကားရာဈေးအရှေ့တွင် အထက်ပါအတိုင်း ကျယ်လောင်သော အော်သံကြောင့် အား လုံးငေ့ကြည့်ကြသည် ။ တချို့က ပြုံးစေ့စေ့၊ တစ်ချို့က ရှောင်ဖယ်ဖယ်...။

ကြည့်ပါဦး အဆွေ။

ဈေးရှေ့တည်တည့်တွင် နီရဲနေသော ဇော်ဂျီဝတ်စုံအပြည့် နှင့်လူတစ်ယောက် ဇော်ဂျီဟု ရေး ထားသော သံပုံးအနီကြီးကို လွယ်ပြီး တက်ကြွလန်းဆန်းသော မျက်နှာနှင့် ရပ်နေ၏။

သူ၏ ပုံသဏ္ဍာန်မှာ လူငယ်လူခန့်ဟု ဆိုရမည်ဖြစ်သော်လည်း နှစ်ပေါင်းများ စွာ နေခထား သော ဒဏ်များ ၊ နေပူမရှောင် မိုးရွာမရှောင် ဝ

မ်းတစ်ထွာအတွက် ရှန်းကန်နေရသော ဒဏ်များ ကြောင့် အသားအရေနှင့် မျက်နှာပေါ်တွင် သူဝတ်ထားသော ဇော်ဂျီဝတ်စုံအတိုင်း ညိုမောင်းရင့် ရော် သော အရိပ်များ တွေ့ရှိရလေသည် ။

"ဇော်ဂျီ လာပြီ။ ဇော်ဂျီရောက်လာပါပြီဗျာ။ မိဘပြည်သူများ ရဲ့ ရောဂါဘယဘေးကို ကယ်တင် ပေးဖို့ ဇော်ဂျီရောက်လာပါပြီ"

မြင်နေကျမို့ လူအများက မထူးဆန်းတော့သော်လည်း မသိသေးသူများက စိတ်ဝင်စားပြီး သူ့ နားဝိုင်းလာကြသည် ။

"ကတိသစ္စာတည်သောအခါ နွယ်မြက်သစ်ပင် ဆေးဖက်ဝင်....တဲ့ ။ ကဲ...အခု ကတိသစ္စာ တည်ကြည်သော ဇော်ဂျီ....။တောထဲမှာ သူယောင်မယ်များ နဲ့ မပျော်ပါးအားဘဲ။ တောထဲတောင်ထဲ က စုဆောင်းခဲ့တဲ့ သစ်ဥ၊ သစ်ဖုဆေးဖက်ဝင်သစ်သီးများကို ကြိတ်သွေးပြီး လူအများ အသက်ကို ကယ်တင်ရန်အလို့ ငှာ ဇော်ဂျီရောက်လာပါပြီ"

သူ့အော်သံကြောင့် လူတွေပိုအုံလာသည် ။ သူ့ဝတ်စုံကို စိတ်ဝင်စားကြတာလည်း ဖြစ်နိုင်သည် ။

"ဇော်ဂျီရောက်လာတာတော့ ဟုတ်ပါပြီ။ ကိုင်းဇော်ဂျီရေ ....တဲ့ ။ မင်း ဒီတစ်ခါ တောထဲ တောင်ထဲကနေ ဘာဆေးများ ကြိတ်ခဲ့သလဲ....။ ဟုတ်ကဲ့ ...မလောနဲ့ ...ပြောပြပါ့မယ်"

ဇော်ဂျီက သူလွယ်ထားသော ပုံးထဲလက်နှိုက်လိုက်သည် ။ပြန်ထွက်လာတော့ အထုပ်ကလေး တစ်ထုပ်ပါလာ၏။

"ဟောဒီမယ် ကြည့်စမ်း ပရိသတ်။ ဒါဟာ ဇော်ဂျီကိုယ်တိုင် တောထဲတောင်ထဲမှာ နှစ်ရှည်လ များ အပင်ပန်းခံ ကြိုးစားဖော်စပ်လာတဲ့ ဆေး ...ဘာဆေးလဲ ...မမေးနဲ့ ...ဇော်ဂျီလျှက်ဆား"

ပရိသတ်များ သူ့လက်ထဲက အထုပ်ကိုလိုက်ကြည့်ကြသည် ။

"ဇော်ဂျီလျက်ဆားဆိုတာတော့ ဟုတ်ပါပြီ။ မင်းလျက်ဆားက ဘာရောဂါများ ကောင်းသတုံး တဲ့ ...။ဟုတ်ကဲ့ ၉၆ ပါးသောရောဂါအားလုံးတော့ကောင်းပါတယ်လို့ ပြောရင် ...ဇော်ဂျီ့အလွန်ထား... . ဘာမှ မကောင်းတဲ့ ဆေး...လာရောင်းတယ် ထင်ရင်လည်း အဒေါ့်အလွန်ထား ...အဒေါ်နဲ့ ကျွန်တော့် အကြား ကြားချလို့ တစ်မျိုးတည်းကောင်းပါတယ် အဒေါ်ရယ်..."

"ဝမ်းတစ်လုံးကောင်းရင် ခေါင်းမခဲဘူးဆိုတဲ့ စကားကြားဖူးကြမှာပါ။ ဟုတ်ကဲ့...အဲဒီ့စကား အတိုင်းပါပဲ..။ ဝမ်းနဲ့ ပတ်သက်တဲ့ ရောဂါအားလုံးကောင်းပါတယ်။ ဟောဒီလျက်ဆားဟာ အစာကို ကြေ၊ လေကိုနိုင်စေပါတယ်။ မယုံရင် လက်တွေ့စားသွား၊ နည်းနည်းလေးစားရင် နည်းနည်းလေး သွားမယ်။ တော်တော်ကလေးများ စားရင် မော်တော်ကလေးများ သွားသလို ဖွတ်ဖွတ်ဖွတ်ဖွတ်နဲ့ .... ဒီ မှာ ကြည့်စမ်း....ကျွတ်ကျွတ်ကျွတ်... ကျွတ်ကျွတ်ကျွတ်....ဗိုက်တွေနာတယ်....လေတွေထိုးတယ်.. ...အောင်မလေးတော့ လာကြပါဦး...ဗိုက်ထဲက လုံးလုံးကြီး နှိပ်ကြပါဦး ချေကြပါဦး....ဆိုတဲ့ ဝေဒ နာသည် တွေ ....ဒီမှာ ကြည့်စမ်း....လက်ခုပ်ကလေးကိုခွက်လိုက်....ဆေးထုပ်ကလေးကိုဖောက်.... လက်ခုပ်ထဲကိုထည့်....ကလောက်ဆို....သောက်ပစ်လိုက်.....ဖတောက်ဆိုပျောက်....လေထိုးပလား ဟော့ဆို....ထိုးရင်းနဲ့ သောက်လိုက်....သောက်ရင်းနဲ့ ပေါက်လိုက်....ပေါက်ရင်းနဲ့ ပျောက်လိုက်..."

သူ့စကားကြောင့် အားလုံးသဘောကျစွာ ဝိုင်းရယ်ကြသည် ။

"ကဲ...ဇော်ဂျီရေ တဲ့ ။ မင်းဆေးက ကောင်းတာတော့ ဟုတ်ပါပြီ....ငါတို့ များကလည်း ... လေသမား....အနာနဲ့ ဆေးကတော့

တွေ့ပြီ….ဒါပေမဲ့ ဇော်ဂျီရယ်….အိမ်ကိုရောက်မှ ပျောက်မှာ လား.. .ရွာ ကိုရောက်မှ ပျောက်မှာ လား….မမေးနဲ့ ….ခုချက်ချင်းသောက်….ခုလ က်ငင်းပေါက်… ခုချက်ခြင်း ပျောက်… ကိုင်းကိုင်း ကိုင်းကိုင်း…မောင် ဇော်ဂျီ အပြောကောင်းလို့ ….အဲ…. မင်းဆေးကိုတော့ ကြိုက်ပြီဟေ့…ဒါ ပေမယ့်….ဈေးလေးကောများ မလားကွယ့်….မမေးနဲ့ ….ရောင်းတာ၀ ယ်တာအဓိကမဟုတ်ပါဘူး….ဝေဒနာပျောက်ရေးသာရှေးရှုလို့ …ကွမ်း စာဆေးသောက် …ကျပျောက်သလောက် …ငွေလေးနဲ့ ရောင်းပေးမှာ ပါ ….တစ်ရာတဲ့ ….များ လား…များ သွားလား….ဟုတ်ကဲ့…အဒေါ်ရေ ….. ဇော်ဂျီအပြောကောင်းတိုင်းလည်း အ၀ယ်မစောနဲ့ ….နမူနာလေး မြည်းကြည့် …ဟတ်ထိတော့မှ ၀ယ် ….မ၀ယ်ရင်လည်း ဇော်ဂျီက စိတ် မဆိုးပါဘူးဗျာ….ကဲကဲ ကဲ….လေသမားတွေကတော့ ဟုတ်ပါပြီ …မင်း တောထဲတောင်ထဲသွားပြီး ဒီတစ်ခုပဲပါသလားတဲ့ …။ ကျန်ပါသေးတယ် ။ ဟောဒီမှာ ကြည့်စမ်း"

ဇော်ဂျီလက်ထဲ နောက်အထုပ်တစ်ထုပ် ထပ်ပါလာသည် ။

"ဒါဟာ အစွမ်းထက်တဲ့ ဆေးတစ်မျိုးပါပဲ။ ယခုလက်ရှိသုံးနေကြတဲ့ ဓာတုပစ္စည်းတစ်ခုမှ မပါ ဘဲ သစ်ဖု၊ သစ်ဥတွေနဲ့ ချည်းပဲ ဖော်စပ်ထား တာပါ။ ကဲ…မင်းဖော်စပ်တာတော့ မှန်ပြီ။ ဒီဆေးက ဘာ ကောင်းသလဲ …။အန့်တီရေ …. ကန်တော့ …ဂျွတ်…"

သူ့စကားကို ပရိသတ်က ကြောင်နေသေး၏။ နောက်မှ သဘောပေါ က်ပြီး ဝိုင်းရယ်ကြသည် ။

"မယုံလို့ ရယ်တာလား။ ကိုင်း…မယုံရင် …ငါ့မှာ လည်း ဂျွတ်ရှိတာပဲ ။ တကယ်ပျောက်မှာ မ ဟုတ်ဘူးထင်ရင် စည်းဝိုင်းထဲဝင်၍ ရှိတဲ့ ဂျွတ် အဖတ်လိုက်မကျွာကျရင် ရှိတဲ့ ပစ္စည်းအကုန် ယူသွား။ ဇော်ဂျီ ကိုယ်တုံး

လုံးနဲ့ တောထဲပြန်မယ်"

ရယ်သံများ ကြားရပြန်သည် ။ ရောဂါရှိစေဦး။ မည်သူက စည်းဝိုင်းထဲ ဝင်ရဲမည်နည်း။

"ဒါတင်ပဲလားဆိုတော့ ခေါင်းမှာ ပေါက်တဲ့ ဒက်။ ခန္ဓာကိုယ်အနှံ့အပြားမှာ ဖြစ်တတ်တဲ့ ပွေး၊ ဝဲစို၊ ဝဲခြောက်၊ နှင်းခူ၊ ရေယုံ ၊ ခရုသင်း၊ သမင်ဖြူ၊ သမင်နက်၊ သမင်ပြာ၊ သမင်စိမ်း၊ သမင်နက်၊ သမင်တက္ကနီကာလာ အကုန်ပျောက်ပါတယ်ခင်ဗျား...."

စိတ်ဝင်စားသည့်လူများ ပိုမိုများ ပြားလာ၏။

"ကဲ...မင်းဆေးကတော့ စွမ်းပါပြီ။ တချို့ တချို့သော ဆေးတွေလို ဆေးဖိုးကတော်တော် ဝါး ခကက ကြီးကြီးဖြစ်နေဦးမယ် မောင်ဇော်ဂျီရယ်....ဟုတ်ကဲ့...မဖြစ်စေရပါဘူးဗျာ...မောင်ဇော်ဂျီက ဆေးကိုကြိတ်ရောင်းတာပါ ဘာဝါးခတစ်ပြားတစ်ချပ်မှ ပေးစရာမလိုပါဘူး...ဒီမှာကြည့်စမ်း...ဆေး ခန်းတွေ ဆေးဆိုင်တွေမှာ ဆို ဟောဒီလို တစ်ထုပ်ကို နှစ်ရာရောင်းပါတယ်။ ဇော်ဂျီက ကိုယ်တိုင်ဖော် စပ်ထားတဲ့ အတွက် လက်ကားဈေး ဖောက်သည် ဈေး၊ အမျိုးဈေး၊ ဘော်ဘော်ဈေး... တစ်ထုပ်ကို တစ်ရာကျပ်ပဲယူပါတယ်။ တစ်ခါနုပ်မှ တစ်ရာကျပ်ပဲကျပါတယ် ခင်ဗျား....တန်တယ်...တန်တယ် ကျွန်တော်ဆို ဝယ်တယ်....ဟောဒီမှာ ကြည့်စမ်း။ ဟောဒီလို နှစ်မျိုးပေါင်းမှ နှစ်ရာ။ ကောင်းပြီ။ ဟောဒီလို နှစ်မျိုးပေါင်း ခြောက်ထုပ်၊ ခြောက်ရာကျပ်ကျပါတယ်။ ဒါပေမယ့် မယူပါဘူး။ ပညာနဲ့ ဖော် စပ်တဲ့ စေတနာဆေး ဝိသမလောဘဆေး မဟုတ်ဘူး ....ဒီတော့ ....ခြောက်ထုပ်မှ ငါးရာ၊ ဆယ့်နှစ် ထုပ်ယူရင် ဇော်ဂျီက မေတ္တာတုံ့ပြန်တဲ့ အနေနဲ့ ငွေတစ်ထောင်ကျပ်ပြ ယူပ့ါမယ်ခင်ဗျား။ ဟုတ်ကဲ့... အားလုံးကို ကျေးဇူးတင်ပါတယ်။ တကယ်လိုအပ်တယ်ဆိုရင်

အားပေးကြပါ ခင်ဗျား"

ချက်ချင်း ဝယ်ယူသူများ နှင့် စည်ကားသွားသည် ။ ဇော်ဂျီလက်မလ ည်နိုင်အောင် ဖြစ်သွားရ သည် ။

"ဟုတ်ကဲ့...ဟိုကနှစ်ထုပ်၊ လာမယ် ခင်ဗျား...။ ဒီဘက်က ခြောက် ထုပ်နော် ငါးရာပါခင်ဗျား ....။ တစ်ထောင်ဖိုး ယူလိုက်ပါလား။ ဆယ့်နှ စ်ထုပ်ရမယ်လေ။ ဟုတ်ကဲ့...။ အားပေးတဲ့ အတွက် ကျေးဇူးတင်ပါတ ယ် လာပါပြီ။ လာပါပြီ ဒီမှာ မပြီးသေးလို့ ခဏစောင့်ပါ..."

လူတွေက သူ့အပြောကို နှစ်သက်လို့ လား။ ဝတ်စုံကိုပြ သဘောကျ လို့ လား။ သူ့ကိုပဲ သနားလို့ လား မသိ။ အလုအယက်ဝယ်ယူအားပေးကြသည် ။

"လာပါပြီ ခင်ဗျား...ခဏစောင့်ပါ။ ဟောဟိုက နှစ်ထုပ်ရပါပြီ။ နှစ် ရာထဲပါ...ဟုတ်ကဲ့ ....လာမယ်နော်....အန်တီ"

သူ ဈေးရောင်းလို့ ကောင်းနေစဥ်မှာ ပင်...

"ဟေ့ကောင် ... ဇော်ဂျီ...ဇော်ဂျီ"

သူ့စည်းဝိုင်းထဲ အပြေးဝင်လာသူတစ်ယောက်။ ကြည့်လိုက်တော့ သူ တို့ ရပ်ကွက်ထဲက ကိုသံ ခဲ။ ချွေးတွေ သံတွေရွှဲပြီး အပြေးလာရပုံ...

"မင်းအစ်ကို ပန်းရံလုပ်ရင်း တိုက်ပေါ်က ပြုတ်ကျလို့ ..."

"ဗျာ"

ကြားလိုက်ရသော သတင်းကြောင့် ဇော်ဂျီခေါင်းတွင် မိုက်ခနဲ ဖြစ် သွားရ၏။

"ဟုတ်တယ်။ တိုက်ကမြင့်တော့ အခြေအနေမကောင်းဘူးထင်တယ်

။ အခုဆေးရုံပေါ်မှာ ..."

သူ ဘာမှ သတိမရနိုင်တော့....။ ရောင်းလက်စ ဆေးဖိုးပိုက်ဆံများလည်း မယူနိုင်တော့။ သူ့ ခြေလှမ်းများက ဆေးရုံဆီသို့။

***

ဆေးရုံပေါ်သို့ ဇော်ဂျီဝတ်စုံနှင့် ပြေးလာသော သူ့ကိုမြင်တော့ အားလုံးအံ့အားသင့်စွာ ဝိုင်းကြည့်ကြသည် ။ သူ ဘာကိုမှ ဂရုမစိုက်နိုင်တော့ ။ အရေးပေါ်လူနာဆောင်ပေါ် ပြေးတက်လိုက် သည် ။

"ဟော့....ဟော့"

လုံခြုံရေးမှ တားမြစ်သံ။ သူလှည့်မကြည့်တော့။ အရေးပေါ် လူနာဆောင်ရှိရာသာ ချွေးသံတ ရွှဲရွှဲနှင့် ပြေးဝင်လိုက်သည် ။

ဆရာဝန်များ ဇော်ဂျီဝတ်စုံနှင့် သူ့ကို မြင်တော့ လန့်ဖျပ်စွာ ငေးကြည့်နေသည် ။

ခုတင်ပေါ်မှာ တော့ ငြိမ်သက်နေပြီဖြစ်သော သူ့အစ်ကို။ အစ်ကို၏ နံဘေးမှာ အပြစ်ကင်းစွာ ခွေခွေလေး နှစ်ခြိုက်စွာ အိပ်မောကျနေသော လေးနှစ်အရွယ် အစ်ကို့သားငယ်။ သားငယ်ကိုမြင် တော့ သူ့ရင်ထဲ ဆို့နင့်သွား၏။

"အစ်ကို.....အစ်ကို"

သူ့ရဲ့ ကတုန်ကရင်ခေါ်သံ။

"အေးဗျာ....ကျွန်တော်တို့ လည်း အချိန်မီ ကြိုးစားတာပါပဲ။ ဒါပေမယ့် ရောက်ကတည်းက အခြေအနေမကောင်းတော့..."

ဆရာဝန်ကြီး၏ ကရုဏာစကားသံ။ ငြိမ်သက်နေသော သူ့မျက်ဝန်းမှ မျက်ရည်စများ သီးထ လာ၏။

"ဒါနဲ့ ကလေးရဲ့ အမေရော..."

ကလေးရဲ့ အမေ ပြီးခဲ့သည့် နှစ်နှစ်ကျော်လောက်ကပင် ဆုံးပါးခဲ့ပြီဖြစ်ကြောင်း သူပြောမ ထွက်တော့....။ ထို့ကြောင့်....ခေါင်းသာခါပြလိုက်ရသည် ။

"ဒါနဲ့ ဇော်ဂျီက...."

ဆရာဝန်ရဲ့ အမေး။ သူမျက်ရည်ကို ပင့်သုတ်လိုက်ပြီး....

"ကျွန်တော်က အခုဆုံးသွားသူရဲ့ ညီပါ။ ကျွန်တော်တို့ မှာ ဒီညီအစ်ကိုနှစ်ယောက်ပဲ ရှိတာပါ။ သူက ကျွန်တော့်လို ဇော်ဂျီဝတ်စုံနဲ့ ဆေးရောင်းရမှာ ရှက်လို့ ဆိုပြီး...."

စကားဆက်လက်ပြောရန် အားမရှိတော့။ ဆရာဝန်များ ထံမှ သက်ပြင်းချသံ ကြားရ၏။

"အေးဗျာ....အဖြစ်အပျက်ကတော့ စိတ်မကောင်းစရာပဲ...။ ဩော်... ဒါနဲ့ ဒီကလေးက ..."

ဇော်ဂျီ ခေါင်းကိုမော့လိုက်သည် ။ ရင်တုန်နှောက် လေးနက်စွာဖြင့် ....

"ကျွန်တော့် အစ်ကိုရဲ့ ရင်သွေး။ ကျွန်တော်ပဲ မွေးရတော့မှာ ပေါ့..."

အားလုံး၏ မျက်နှာများ မှိုင်းညို့နေသည် ။ ဇော်ဂျီ၏ မျက်နှာသည်လည်း မှိုင်းညို့နေ၏။ သူ့ ခများအားတင်း၍ သာ ပြောရသော်လည်း အခြေအနေက သိပ်ကောင်းပုံမပေါ်။ ထို့အတူ မိုးကောင်း ကင်လည်း မှို

င်းညို့နေသည် ။

***

**ဘုရားသခင်သည်**

**အမှန်တရားကို သိမြင်တော်မူသော်လည်း**

**ရံဖန်ရံခါ၌ ဆိတ်ဆိတ်နေတတ်သည်**

**ဆိုတာမျိုးပေါ့။**

အတိတ်ကဆိုတာ မြင်တွေ့ခဲ့ရတာ မဟုတ်ပေမယ့် ပစ္စုပ္ပန်မှာ ကိုယ်တိုင်တော့ ခံစားနေရလေရဲ့ ….။ အဖန်ငါးရာ ငါးကမ္ဘာလည်း မသိဘူး။ ပြီးခဲ့တာတွေလည်း မရှိနိုင်ဘူး။ ဒါပေမယ့် အခုဘဝမှာ ရမယ့် ကံကတော့ ကိုယ့်ကံ အစစ်ပဲ ဖြစ်လိမ့်မယ်။

ကိုယ်ကောင်းတာလုပ်ရင် ကောင်းတာ ခံစားရပြီး၊ ဆိုးတာလုပ်ရင် ကိုယ်ပဲ အဆိုးတွေ ခံစား ရမှာ ပဲ… ။ ဩော်…တစ်ခုတော့ ရှိတာပေါ့…။

ဘုရားသခင်သည် အမှန်တရားကိုသိမြင်တော်မူသော်လည်း ရံဖန်ရံခါ၌ ဆိတ်ဆိတ်နေတတ် သည် ဆို တာမျိုးပေါ့။

အကောင်းတိုင်းကို ပြုလုပ်နေသော်ငြား…။ ကံဆိုးခြင်းဆိုတာက အသိပေးပြီး ဝင်ရောက် လာတာမှ မဟုတ်တာ….။

***